
# Panasonic

## အသုံးပြုပုံလမ်းညွှန်ချက်များ

## အစို/အခြောက်နှစ်မျိုးသုံးဓာတ်ခဲမုတ်ဆိတ်ရိတ်စက်

(အိမ်တွင်အသုံးပြုရန်သာ)

မော်ဒယ်နံပါတ်. **ES3831/ES3832/ES3833**




မုတ်ဆိတ်ရိတ်စက်အသုံးမပြုမီ ဤလမ်းညွှန်ချက်များအားပြည့်စုံစွာဖတ်၍နောက်ပိုင်းတွင်အသုံးပြုရန်အတွက်သိမ်းဆည်းထားပါ။

# အရေးကြီးအချက်များ

## ▶ အသုံးမပြုမီ

ဤအစို/အခြောက်အသုံးပြုနိုင်သောမုတ်ဆိတ်ရိတ်စက်သည်ဆပ်ပြာမြှုပ်များဖြင့်အစိုရိတ်ခြင်း(သို့)အခြောက်ရိတ်ခြင်းများတွင်အသုံးပြုနိုင်သည်။ရေလုံရိတ်စက်အားရေပန်းဖြင့်ရေချိုးနေစဉ်အသုံးပြုခြင်းနှင့်ရေဖြင့်ဆေးခြင်းများပြုလုပ်နိုင်ပါသည်။

## ▶ မုတ်ဆိတ်ရိတ်စက်အသုံးပြုခြင်း

သတိပြုရှောင်ကြဉ်ရန်အချက်များ – အပြင်ဘက်ရှိသတ္တုပြားသည်အလွန်ပါးသောကြောင့်မှန်ကန်စွာအသုံးမပြုပါကပျက်စီးနိုင်သည်။မုတ်ဆိတ်မရိတ်မီသတ္တုပြားပျက်စီးခြင်းရှိမရှိစစ်ဆေးပါ။ရိတ်စက်အားသတ္တုပြားအစရှိသည်များပျက်စီးနေပါကအရေပြားရှနိုင်သောကြောင့်အသုံးမပြုပါနှင့်။

## ▶ မုတ်ဆိတ်ရိတ်စက်အားသန့်ရှင်းခြင်း

မုတ်ဆိတ်ရိတ်စက်အားရေဖြင့်ဆေးပါကဆားငံရေ(သို့)ရေနွေးများမသုံးပါနှင့်။မုတ်ဆိတ်ရိတ်စက်အားရေထဲတွင်အကြာကြီးစိမ်မထားပါနှင့်။ဆပ်ပြာရည်စွတ်ထားသောအဝတ်နုဖြင့်သုတ်ပါ။အရက်ပြန်၊ဘန်ဇင်းနှင့်တင်နာများအသုံးမပြုပါနှင့်။

## ▶ မုတ်ဆိတ်ရိတ်စက်အားသိမ်းဆည်းခြင်း

ဤမုတ်ဆိတ်ရိတ်စက်ကို ကလေးများလက်လှမ်းမမှီသောနေရာတွင်ထားပါ။
ဤအသုံးပြုပုံလမ်းညွှန်ချက်များကိုလုံခြုံသောနေရာတွင်သိမ်းဆည်းပါ။
ဤမုတ်ဆိတ်ရိတ်စက်သည်ရုပ်ပိုင်းဆိုင်ရာ၊အာရုံကြော(သို့)စိတ်ပိုင်းဆိုင်ရာလုပဆောင်ချက်လျော့နည်းနေသောသူများ(ကလေးများ)၊(သို့)အတွေ့အကြုံနှင့်ဗဟုသုတမရှိသူများ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများမှလမ်းညွှန်ချက်(သို့)ညွှန်ကြားချက်မပါဘဲအသုံးမပြုပါနှင့်။ကလေးများအားမုတ်ဆိတ်ရိတ်စက်ဖြင့်မကစားရန်ကြပ်မတ်ထားသင့်သည်။


**အသေးစိတ်အချက်အလက်များ**

မော်ဒယ် : ES3831/ES3832/ES3833

ဓာတ်ခဲများ : အေအေ(LR6)ခြောက်သွေ့သောဆဲလ်ပါဝင်သည့်ဓာတ်ခဲ နှစ်လုံး(ဒီစီ ၃.၀ ဗို့)(သီးခြားရောင်းသည်)


ဤစက်သည်အိမ်တွင်သုံးရန်သာဖြစ်သည်။

# အစိတ်အပိုင်းများအားခွဲခြမ်းစိတ်ဖြာခြင်း




- ၁ ကာကွယ်ထားသောအဖုံး
- ၂ အပြင်ဘက်သတ္တုပြား
- ၃ သတ္တုပြားအောက်ခံ
- ၄ အတွင်းဘက်ရှိဓားသွားများ
- ၅ သတ္တုပြားအောက်ခံဖြုတ်သည့်ခလုတ်
- ၆ ၀/၁ခလုတ်
- ၇ အဖွင့်အပိတ်ထိန်းချုပ်ခလုတ်
- ၈ ဓာတ်ခဲအဖုံး
- ၉ ဓာတ်ခဲအဖုံးဖြုတ်သည့်ဒိုင်ခွက်
- ၁၀ မုတ်ဆိတ်ရိတ်ကိရိယာ(ES3833အတွက်သာ)
- ၁၁ မုတ်ဆိတ်ရိတ်စက်နှင့်တွဲလျက်ပါသောဘူး (ES3832/ES3833အတွက်သာ)
- ၁၂ သန့်ရှင်းရာတွင်အသုံးပြုသောစုတ်တံ

# Shave မုတ်ဆိတ်ရိတ်စက်အသုံးပြုခြင်း




၁ အဖွင့်အပိတ်ခလုတ်အား ဖိချ၍၀/၁ခလုတ်ကိုအပေါ် သို့တွန်းပါ။

၂ အပေါ်ပုံတွင်ပြထားသည့် အတိုင်းမုတ်ဆိတ်ရိတ်စက် ကိုကိုင်၍ရိတ်ပါ။


- မုတ်ဆိတ်စတင်ရိတ်ချိန်တွင်မျက်နှာပြင်အားညင်သာစွာရိတ်ပါ။ကျန်လက်တစ်ဖက်မှအရေပြားအားဆွဲပြီးမုတ်ဆိတ်ရိတ်စက်အားမုတ်ဆိတ်မွေးရှိရာဘက်သို့အရှေ့အနောက်ရွှေ့၍ရိတ်ပါ။အရေပြားနှင့်မုတ်ဆိတ်ရိတ်စက်အသားကျပါက ဖိအားကိုညင်သာစွာတိုး၍ရိတ်နိုင်သည်။အနီးကပ်ရိတ်ရာတွင်ဖိအားအလွန်အကျွံမသုံးပါနှင့်။


## မုတ်ဆိတ်ရိတ်စက်အားအသုံးပြုခြင်း


၀/၁ ခလုတ်ကိုအပေါ်သို့ရွှေ့ပါ။" ▭ "အမှတ်အသား နှင့်ကိုယ်ထည်ပေါ်ရှိ "–"အမှတ်အသားများအားတစ်ခုနှင့်တစ်ခုညှိပါ။အရေပြား၏ညာဘက်ထောင့်တွင်ထားပြီးအောက်ဘက်သို့ဆွဲ၍ပါးသိုင်းမွေးများကိုရိတ်ပါ။



# Clean သန့်ရှင်းခြင်း




၁. ကာကွယ်ထားသောအဖုံးကိုဖြုတ်ပါ။

၂. အပြင်ဘက်သတ္တုအားလက်ဆေးဆပ်ပြာအသုံးပြု၍ဆေးနိုင်ပါသည်။

၃. မုတ်ဆိတ်ရိတ်စက်အားဖွင့်၍အပြင်ဘက်သတ္တုပြားပေါ်သို့ရေလောင်းပါ။(ပုံ–၁)

၄. မုတ်ဆိတ်ရိတ်စက်အား ၁၀–၂၀စက္ကန့်ကြာလျှင်ပိတ်ပါ။


၅. မုတ်ဆိတ်ရိတ်စက်နှင့်အပြင်ဘက်သတ္တုအကန့်အားရေစီးဖြင့်ဆေးပါ။(ပုံ–၂)


၆. ရေစက်များအားအဝတ်ခြောက်ဖြင့်သုတ်ပါ။


၇. သတ္တုပြားအောက်ခံအားဖြုတ်၍လုံးဝခြောက်သွေ့သည်အထိအခြောက်ခံပါ။(ပုံ–၃)

# အပြင်ဘက်သတ္တုပြားနှင့်အတွင်းရှိဓားသွားများလဲခြင်း

| | |
|---|---|
| အပြင်ဘက်သတ္တုပြား | တစ်နှစ်တစ်ကြိမ် |
| အတွင်းဘက်ဓားသွားများ | နှစ်နှစ်တစ်ကြိမ် |









## ▶ အပြင်ဘက်သတ္တုပြားလဲခြင်း

၁. ပုံတွင်ပြထားသည့်အတိုင်းသတ္တုပြားအောက်ခံပြားဖြုတ်ရန်ခလုတ်အားနှိပ်၍အပြင်ဘက်သတ္တုအကန့်ပေါ်သို့မပါ။

၂. အပြင်ဘက်ရှိသတ္တုပြားအားပုံတွင်ဖော်ပြထားသည့်အတိုင်းဖြေးညင်းစွာတွန်းပါ။ထို့နောက်အောက်ခံမှသတ္တုပြားပေါ်လာပါလိမ့်မည်။(ပုံ–၂)

၃. အပြင်ဘက်သတ္တုပြားအသစ်အားညင်သာစွာကွေး၍သတ္တုပြားအောက်ခံနှင့်ချိတ်မိသွားသည်အထိတွန်းပါ။




## ▶ အတွင်းဘက်ဓားသွားများလဲခြင်း

၁. ပုံတွင်ပြထားသည့်အတိုင်းအတွင်းရှိဓားသွားကို ဖြုတ်ပါ။


● လက်ထိခိုက်မှုမှကာကွယ်ရန်အတွင်းဘက်ဓား သွား၏အစွန်းများ(သတ္တုအပိုင်း)ကိုမထိပါနှင့်။

၂. အတွင်းဘက်ဓားသွားများအားပုံတွင်ပြထား သည့်အတိုင်းချက်ကနဲမြည်သည်အထိထည့်ပါ။

**မှတ်ချက် :**

● အပြင်ဘက်သတ္တုပြားအားမတပ်မီမုတ်ဆိတ်ရိတ်စက်ကိုပိတ်ထားပါ။

# စုတ်တံဖြင့်သန့်ရှင်းခြင်း




၁. စုတ်တံအတိုကိုသုံး၍အတွင်းဘက်ဓားသွားများအားပုံ(က)တွင်ပြထားသည့်အတိုင်းရွှေ၍သန့်ရှင်းပါ။အပြင်ဘက်သတ္တုပြားမှတ်ဆိတ်ရိတ်စကကိုယ်ထည်နှင့်ရိတ်သည့်ကိရိယာများအားစုတ်တံအရှည်ဖြင့်သန့်ရှင်းပါ။

- အတွင်းဘက်ဓားသွားနှင့်၎င်း၏ဖြတ်တောက်နိုင်မှုကိုပျက်စီးစေနိုင်သောကြောင့်စုတ်တံအတိုအားပုံ(ခ)တွင်ပြထားသည့်အတိုင်းမရွှေ့ပါနှင့်။
- အပြင်သတ္တုပြားကိုသန့်ရှင်းရန်စုတ်တံအတိုအားမသုံးပါနှင့်။

မြန်မာ

## ဓာတ်ခဲအသစ်လဲခြင်း

မုတ်ဆိတ်ရိတ်နှုန်းကျဆင်းလာသည်မှာမုတ်ဆိတ်ရိတ်စက်အားဓာတ်ခဲလဲရန်လိုအပ်လာသည်ကိုပြသပါသည်။


၁. မုတ်ဆိတ်ရိတ်စက်အောက်ခြေရှိဓာတ်ခဲအဖုံးအားဖြုတ်သည့်ခလုတ်အားပုံ(၁)တွင်ပြထားသည့်အတိုင်း "ဖွင့်" ရန်အနေအထားသို့ပြောင်းပါ။

၂. ပုံ(၂)တွင်ပြထားသည့်အတိုင်း AA LR6 အမျိုးအစားအယ်ကာလိုင်းဓာတ်ခဲနှစ်လုံးထည့်ပါ။

၃. ပုံ(၃)တွင်ပြထားသည့်အတိုင်းဓာတ်ခဲအဖုံးအားပြန်တပ်၍ဓာတ်ခဲအဖုံးဖြုတ်သည့်ခလုတ်အား "ပိတ်" သည့်အနေအထားသို့ပြောင်းပါ။

**မှတ်ချက် :**

- ဓာတ်ခဲမလဲမီမုတ်ဆိတ်ရိတ်စက်အားပိတ်ထားပါ။
- ဓာတ်ခဲမလဲမီမုတ်ဆိတ်ရိတ်စက်အတွင်းရေငွေ့များမဝင်စေရန်အဝတ်ဖြင့်သုတ်ပါ။
- ဓာတ်ခဲအသစ်နှင့်အဟောင်းတွဲ၍မသုံးပါနှင့်။
- ယိုစိမ့်နိုင်သောဓာတ်ခဲများသည်မုတ်ဆိတ်ရိတ်စက်အားပျက်စီးစေသောကြောင့်ပြန်လည်အားသွင်း၍အသုံးပြုရသောဓာတ်ခဲများကိုမသုံးရန်အကြံပြုပါသည်။
- တရားဝင်ခွင့်ပြုထားသောနေရာများတွင်သာဓာတ်ခဲအဟောင်းများကိုသေချာစွန့်ပစ်ပါ။
- မုတ်ဆိတ်ရိတ်စက်အားအချိန်ကြာမြင့်စွာမသုံးပါကဓာတ်ခဲဖြုတ်ထားပါ။



# Panasonic Electric Works Wanbao (Guangzhou) Co., Ltd.

No.33 Wanbao North Street Wanbao Industry Zone
Zhong Cun Town, Panyu City,
Guangdong Province, 511495 China